ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုး

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်ပြီး စီးပွားရေးဆိုင်ရာတွက်ချေကိုက်မှုစိစစ်ချက် အကျဉ်းချုပ် တင်ပြပါမယ်။

စီမံကိန်းတစ်ခုတည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ခွင့် ခွင့်ပြုချက်ရရှိရေးအတွက် MoU,MOA နှင့် အခြေအနေများကို အဆင့်ဆင့်တင်ပြခွင့်ပြုချက်ရယူပြီးမှသာ အကောင်အထည်ဖော် ဆောင်ရွက်မည့်အဆင့်သာဖြစ်ပါတယ်။

ဧရာဝတီမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု JV/BOT စနစ်အခြေ ခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါတယ်။

နားလည်မှုစာချွန်လွှာ MOU ကို ၂၈-၁၂-၂၀၀၆ရက်နေ့တွင် C.P.I နှင့် MOEP(1) က လက်မှတ် ရေးထိုးခဲ့ကြပါတယ်။

သဘောတူညီမှုစာချွန်လွှာ MOA ကို ၁၆-၆-၂၀၀၉ရက်နေ့တွင် C.P.I နှင့် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသိန်းလွင်တို့ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

JV ကုမ္ပဏီတည်ဆောက်ရန် စီမံကိန်းလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် MIC မြန်မာ့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံသို့ တင်ပြခွင့်ပြုချက်ရယူခဲ့ရာ ၂၀-၁၁-၂၀၀၉ရက်နေ့တွင် JV ကုမ္ပဏီကို တည်ထောင်ခွင့် ရရှိခဲ့ပါတယ်။

အကျိုးတူပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီမှု စာချွန်လွှာ JVA ကို ၂၀-၁၂-၂၀၀၉ ရက်နေ့တွင် C.P.I နှင့် MOEP 1 တို့ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

စီးပွားရေးဆိုင်ရာ တွက်ခြေကိုက်မှုစီစစ်ချက် ဖြစ်ပေါ်လာစေရေးအတွက် နှစ်ဦးနှစ်ဖက်ကြိမ်ဖန် များစွာ ညှိနှိုင်းဆွေးနွေးခဲ့ရာ၌ အချိန်ကာလအားဖြင့် တစ်နှစ်ခန့်ကြာမြင့်ခဲ့ပြီး တွက်ချက်နည်းပေါင်း ၃၆၂နည်းဖြင့်တွက်ချက်၍ နောက်ဆုံးနှစ်ဖက်အကျိုးအမြတ်ကွာဟမှုသိပ်မများသော Win Win Situation ဖြစ်စေမည့် EIRR 9.04% ဖြင့် လက်ခံခဲ့ကြပါတယ်။

FDI စီမံကိန်းလုပ်ငန်းအတွက် ဆောင်ရွက်ချက်များအနက် လက်မှတ်ရေးထိုင်းခဲ့ကြသော စာချုပ်စာတမ်းနားလည်မှုသဘောတူညီမှုစသည်တို့နှင့် ပတ်သက်၍ ပြုစုပြီးဖြစ်သော စာချုပ်စာတမ်း မူကြမ်းများကို အောက်ပါအတိုင်းဆောင်ရွက်ခဲ့ကြပါတယ်။

စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသို့လည်းကောင်း၊ ဥပဒေနှင့်နည်းဥပဒေများအတွက် ရှေ့နေချုပ်ရုံးသို့လည်းကောင်း၊ အခွန် ကိစ္စနှင့်ဝင်ငွေကိစ္စများနှင့်ပတ်သက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များနှင့်ပတ်သက်၍ MIC မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့လည်းကောင်း အသီးသီးတင်ပြ သဘောထားမှတ်ချက်၊ အကြံပြုချက် များရယူပြီးနောက် စာချုပ်စာတမ်းများကို ပြင်ဆင်ပြုစုရေးသား၍ အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူခဲ့ပြီး မြန်မာနိုင်ငံ၏ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်း များနှင့်အညီ မြန်မာနိုင်ငံကိုယ်စား အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ ရေအား လျှပ်စစ်စီမံကိန်းဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုယ်စား တရုတ်အစိုးရပိုင် ကုမ္ပဏီတစ်ခု

ဖြစ်သော C.P.I တို့သည် JVA အား နှစ်နိုင်ငံတာဝန်ရှိသူများ ရှေ့မှောက်တွင် ၂၀-၁၂-၂၀၀၉ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ စာချုပ်ပါ Finalcial ပါဝါမီတာနှင့်နှစ်ဖက်အကျိုးအမြတ်ရရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

(က) အခမဲ့ဓာတ်အား ၁၀ ရာခိုင်နှုန်း ထုတ်လုပ်မည့်ဓာတ်အားအပေါ် မှာ ရရှိမှာဖြစ်ပါတယ်။

(ခ) အခမဲ့ရှယ်ယာ ၁၅ရာခိုင်နှုန်း Profit ရှယ်ယာဖြစ်ပါတယ်။

Commercial Text (၈%) ရရှိမှာဖြစ်ပါတယ်။ With trolling Text on Interest (15%) with trolling Text on Coterest (၃ ဒသမ ၅%)ရရှိမှာဖြစ်ပါတယ်။ Income Text (၃၀%)က ဝင်ငွေခွန်စည်းမျဉ်း ဥပဒေ ၅(ခ)အရပါလုပ်ကိုင်ခွင့်ကာလ နှစ် ၅၀ နှင့် BOT ကာလပြီးဆုံးချိန်တွင် စက်ရုံက အခမဲ့လွှဲပြောင်းရရှိမှာ ဖြစ်ပါတယ်။

မြန်မာဘက်ကရရှိမည့်အကျိုးအမြတ်က (၁၇ ဒသမ ၆၇)အမေရိကန်ဒေါ်လာသန်းထောင်ပေါင်းပါ။ တရုတ်ဘက်က ရရှိမည့်အကျိုးအမြတ်ကတော့ (၁၁ ဒသမ ၆၇)အမေရိကန်ဒေါ်လာသန်းထောင်ပေါင်း ဖြစ်ပါတယ်။ အကျိုးအမြတ်ကွာဟချက် (၆)အမေရိကန်ဒေါ်လာသန်းထောင်ပေါင်းဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၏ အကြံပြုဆွေးနွေးချက်

ကျွန်တော်တို့ ဝန်ကြီးဌာနသည် သစ်တောရေးရာဝန်ကြီးဌာန ဘဝကပင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို မိမိတို့၏ ပင်မတာဝန်ဖြစ်သည့် သစ်တောသစ်ပင်များထိန်းသိမ်းသည့် မူလတာဝန်နှင့်တွဲဖက်ပြီးတော့ ဆောင်ရွက်ရတဲ့ ဝန်ကြီးဌာနတစ်ခုဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍနယ်ပယ်စုံစွာ ကျွန်တော်တို့ စဉ်ဆက်မပြတ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့တဲ့ ဝန်ကြီးဌာနတစ်ခုလည်းဖြစ်ပါတယ်။ သို့သော်လည်းအားလုံးသိကြတဲ့အတိုင်း စက်တင်ဘာလ (၆)ရက်နေ့မှာတော့ လွှတ်တော်ရဲ့ အတည်ပြုချက်နဲ့နိုင်ငံတော်သမ္မတရုံးကနေ တရားဝင်ထုတ်ပြန်ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနလို့ တရားဝင်ခေါ်ဝေါ်သတ်မှတ်ပြီးဖြစ်လို့ ကျွန်တော်တို့ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သိသာထင်ရှားစွာ ကျွန်တော်တို့ ဆောင်ရွက်နိုင်တော့မည့် အနေအထားပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူလတာဝန်ဖြစ်တဲ့ ရေမြေတောတောင်နဲ့ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးတာဝန်သာမကဘဲနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကိုလည်းပဲ ကျွန်တော်တို့ ထဲထဲဝင်ဝင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်ရဲ့ပတ်ဝန်းကျင်အပေါ် ထိခိုက်လာနိုင်မည့်ကိစ္စရပ်များကို မဖြစ်ပွားအောင် သတိပြုဆောင်ရွက်သွားမယ်လို့ ပြောကြားလိုပါတယ်။ (Environmental Protection for Sustainable Development)ခေါ်တဲ့ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဆောင်ရွက်တဲ့နေရာမှာ ပတ်ဝန်းကျင် ကို မထိခိုက်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်အခြေခံကောင်းတွေ ရှိမှသာလျှင် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကောင်းမွန်သောလူမှုစီးပွားရေးဘဝများကို ဖန်တီးနိုင်မှာဖြစ်တဲ့ အတွက်ကြောင့်မို့ ပတ်ဝန်းကျင်မထိခိုက်အောင် ဖွံ့ဖြိုးမှုလုပ်ငန်းများကို သတိပြုဆောင်ရွက်ကြမည် ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ပတ်ဝန်းကျင်ကို ထိခိုက်မယ့်(Development Activities)များ ရှိမယ်ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့သတိပြုပြီးတော့ ထိခိုက်သက်သာမှု အနည်းဆုံးဖြစ်အောင် မည်ကဲ့သို့ဆောင်ရွက်ရမည်ဆိုသည့် နည်းလမ်းများကို ကျွန်တော်တို့ ရှာကြံပါ မယ်။ လိုအပ်တဲ့ ညှိနှိုင်းဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်သွားမှာဖြစ် ပါတယ်။ အလျဉ်းသင့်တုန်း အခုနက ကျွန်တော်ရှေ့ကဆွေးနွေးကြသော ပညာရှင်များအားလုံးကို ကျွန်တော်တင်ပြချင်တာက တော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဆိုတာလည်းပဲ ကျွန်တော်တို့လက်တကမ်းအမီမှာ ထုတ်ပြန်နိုင်တဲ့အနေအထားမျိုးဖြစ်လာပါလိမ့်မယ်လို့ တင်ပြလိုပါတယ်။

ဒီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၀၈ ခုနှစ်မှာမှစပြီး ကျွန်တော်တို့ ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ ယူနက်ရဲ့ အကူအညီနဲ့ စတင်ရေးဆွဲခဲ့ပါတယ်။ ရေးဆွဲစဉ်မှာ ကျွန်တော်တို့ နိုင်ငံတကာ မှ ပညာရှင်ကြီးများ၊ ပြည်တွင်းမှာရှိတဲ့ ပညာရှင်များ သူတို့ပါ၊ ပါဝင်ပြီးတော့ ပြည်တွင်းမှာ ရှိနေကြတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ဒီလိုလုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ပညာရှင်များပါ ပူးပေါင်းပြီးတော့ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ညှိနှိုင်းဆွေးနွေးပွဲတွေ အကြိမ်ကြိမ်လုပ်ပြီးတော့မှ ၂၀၀၈

ခုနှစ်က စတင်ဆောင်ရွက်ခဲ့တာ ၉၈ ခုနှစ်မှာစတင်ပြီးတော့ ဒီဥပဒေကြမ်းကို ကျွန်တော်တို့ဆောင်ရွက်ခဲ့တာ ၂၀၀၀ပြည့်နှစ်မှာတော့ဖြင့် ဥပဒေကြမ်းတစ်ရပ်အဖြစ် ပြီးမြောက်ရရှိခဲ့ပါတယ်။ အဲဒီနေရာမှာလည်းပဲ နိုင်ငံတော်ရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်များနှင့်တကွ အဆင်သင့်ဖြစ်ခဲ့ပါတယ်။ သို့သော်လည်း ပဲ အကြောင်းကြောင်းတွေကြောင့် တရားဝင်ပြဋ္ဌာန်းနိုင်ဖို့အတွက် ကြန့်ကြာခဲ့ပါတယ်။ အခုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရသစ်လက်ထက်မှာ နိုင်ငံတော်သမ္မတကြီးကပဲ ဦးစီးဦးဆောင်ပြုပြီးတော့ သက်ဆိုင်တဲ့ ကျွန်တော့်ကိုခေါ်ပြီးတော့ သဘာပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေဆိုတာ ဒီလိုရှိတယ်။ ထုတ်ပြန်နိုင်ဖို့အတွက်ကို ခေတ်နဲ့လျော်ညီအောင်ပြန်လည်ပြုပြင်တည်းဖြတ် ပြီးတော့ဆောင်ရွက်ပါလို့တာဝန်ပေးတဲ့အတွက် ကျွန်တော့်ကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှာ ရှိသောဒီဥပဒေကြမ်းနှင့် ပတ်သက်တဲ့ ပညာရှင်များကို စုစည်းပြီးတော့ နောက်ဆုံးအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြန်ပြီးတော့နောက်ဆုံး အကြိမ်ပြုပြင်မွမ်းမံခဲ့ပါတယ်။

ပြီးတော့လုပ်ထုံးလုပ်နည်းနဲ့အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်များရယူပြီးတော့ နိုင်ငံတော်သမ္မတကြီးထံ ဒုတိယသမ္မများမှတစ်ဆင့် သွားရောက်ပြီးရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးခွင့်ပြုချက်အရပဲ အမျိုးသားလွှတ်တော်သို့ ဆက်လက်ပေးပို့တင်ပြပြီးတော့ ဒီဥပဒေကြမ်းကို စစ်ဆေးပါ။ စစ်ဆေးပြီးလို့ရှိရင်တော့ အတည်ပြုပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်ပေးဖို့ လွှတ်တော်ကို ကျွန်တော်တို့ တင်ပြခဲ့ပါတယ်။ လွှတ်တော်ဥပဒေကြမ်း ကော်မတီအနေနဲ့လည်း လိုအပ်သည်များကို ကနေဦးအဆင့် တာဝန်ရှိသူများကို ခေါ်ပြီးတော့ မသိတာများမေးမြန်းပြီးတော့ ဥပဒေအကြောင်းနှင့် ညီညွတ်အောင် အကြမ်းဖျဉ်းပေါ့၊ ကနဦးစီစစ်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်ထင်ပါတယ် ဒီလွှတ်တော်ကာလအတွင်းမှာဘဲ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ဒုတိယသက်တမ်းအတွင်းမှာပဲ ပြီးမြောက်အောင်မြင်စွာ ထုတ်ပြန်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ယူဆပါတယ်။

အခုချိန်မှာတော့ ကျွန်တော်တို့ ဒါလေးကို အသိပေးတင်ပြလိုပါတယ်။ နောက်တခုကတော့ လူအများစိတ်ဝင်စားနေကြတဲ့ အခုလိုမျိုးအထူးစီမံကိန်းကြီးများကိစ္စမှာလည်း တိုင်းပြည်ရဲ့သဘာဝပတ်ဝန်းကျင်ကို မည်၍မည်မျှထိခိုက်သည် မထိခိုက်ဘူးဆိုတာကိုကျွန်တော်တို့ ဝန်ကြီးဌာနအနေဖြင့်လည်း အတော်လေးတာဝန်ရှိသွားတဲ့ အနေအထားမျိုးလို့ ကျွန်တော်မှတ်ယူပါတယ်၊ ခံလည်းခံယူပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ EIA လို့ခေါ်တဲ့ပတ်ဝန်းကျင်ကို မည်၍မည်မျှ ထိခိုက်နိုင်တယ်ဆိုတဲ့ အကဲဖြတ်သုံးသပ်မှုများကိုလည်း လုပ်ရိုးလုပ်စဉ်လုပ်ရပါတယ်။ လုပ်တဲ့အခါမှာ (Environmental Engineering Expertee)ရှိတဲ့ အဖွဲ့အစည်းများနဲ့လုပ်ထားတာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ တာဝန်ရှိတဲ့အတွက် မှန်မှန်ကန်ကန်အကဲဖြတ်သုံးသပ်သွားမှာလည်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အကြမ်းဖျဉ်းပြောရရင်တော့ အမှတ်(၁)လျှပ်စစ်ဝန်ကြီးဌာနဆိုတာ ဒီလိုကိစ္စမျိုးကို အထူးပြုပြီးတော့ဖွဲ့စည်းထားတဲ့ ဝန်ကြီးဌာနတစ်ခု၊ ပညာရှင်များလည်း အပြည့်အစုံရှိ ပြီးတော့ ဒီပညာရှင်များနှင့်ပူးပေါင်းပြီးတော့ အချိန်ကာလတစ်ခုထိအောင်လုပ်ထားတဲ့ နိုင်ငံတော်စီမံကိန်းကြီးတစ်ရပ်လည်း ဖြစ်တဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့က မပြည့်စုံသေးတဲ့ ဗဟုသုတနဲ့ အလွယ်တကူ သင့်လျော်တယ်/မသင့်လျော်ဘူးစသဖြင့် ဝေဖန်ပြီးတော့ ဝေဖန်ပိုင်းခြားဖို့ ဆိုတာလေး

ကတော့ဖြင့် ကျွန်တော်တို့အနေနဲ့တော့ သေသေချာချာစိစစ်လေ့လာသုံးသပ်ပြီးတော့မှဘဲ၊ ကျွန်တော်တို့ တစ်ခုတော့ရှိပါတယ်။ တင်ပြလိုတာကတော့ လေ့လာသုံးသပ်တွေ့ရှိချက်အပေါ်မှာ အရှိကိုအရှိ အတိုင်း၊ အမှန်ကို အမှန် အတိုင်းဘဲ ကျွန်တော့် အထက် အဆင့် ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့နဲ့ နိုင်ငံတော်သမ္မတကြီးထံကို တင်ပြသွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မည့်သည့် အကြောင်းကိုမျှ ငဲ့ညှာခြင်းမရှိဘဲ အမှန်အတိုင်းဘဲ၊ သေချာတာကတော့ အကျိုးကျေးဇူးမြောက်မြား စွာရှိပါတယ်။ ထိုနည်းတူစွာပဲ တစ်ဖက်ကချို့ယွင်းချက်အားနည်းချက်ပေါ်က ဖြစ်လာနိုင်တဲ့ အပြစ်တွေ လည်း မြောက်များစွာရှိလာနိုင်ပါတယ်။ ဒီလိုအပေါ်မှာ ကျွန်တော်တို့က သုံးသပ်ပြီးတော့ ဖြစ်လာနိုင် မယ့် အကျိုးအမြတ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့ရမယ့် အပြစ်တွေနဲ့နှိုင်းယှဉ်ချိန်ထိုးပြီးတော့ ဘယ်ဟာ သာမလဲ၊ ကောင်းကျိုးတွေဘက်ကသာရင်တော့ ဆောင်ရွက်သင့်ပါတယ်လို့ ကျွန်တော်တို့ ထောက်ခံ တင်ပြသွားမှာဖြစ်ပါတယ်။

အပြစ်ဘက်ကများနေရင်တော့ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့ ထိခိုက်နစ်နာဆုံးရှုံးမှုတွေ ဟာ ကျွန်တော်တို့တင်မက နိုင်ငံတော်နှင့်ရှေ့လာမယ့် သားစဉ်မြေးဆက်တွေအထိ အကျိုးသက်ရောက် မှာဖြစ်သည့်အတွက်ကြောင့် ဒီအပေါ်မှာ အလေးထားပြီးတော့ အရှိကိုအရှိတိုင်း၊ အမှန်ကိုအမှန်တိုင်း မျက်နှာလိုက်ခြင်း အခွင့်ရေးပေးခြင်းမရှိဘဲ ဆောင်ရွက်သွားပါမယ်လို့ ပြောကြားရင်းနိဂုံးချုပ်ပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်ဆွေးနွေးချက်

စောစောပိုင်းက ရေအရင်းအမြစ် မြစ်ချောင်းများတိုးတက်ရေးဌာန ညွှန်ကြားရေးမှူး၊ သူ့ရဲ့ရှင်းလင်းချက်မှာ တင်ပြသွားတဲ့ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ လုပ်ဆောင်မည့်တာဝန်ကိုတိတိကျကျ ပြတ်ပြတ်သားသား မှာထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့ဝန်ကြီးဌာနသည် မြစ်ကိုကမ်းပြိုမှုမရှိအောင် ဧရာဝတီနဲ့ ချင်းတွင်းမြစ်တွေကို ဒီထက်ကမ်းပြိုမှုမရှိအောင် ကာကွယ်ရမယ်၊ နောက်တစ်ခု နွေ၊ မိုး၊ ဆောင်း ရေအနက်ရရှိအောင် ဒါကိုထိန်းသိမ်းရမယ်၊ အဲဒီဟာ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့အဓိကတာဝန်ဖြစ်ပါတယ်။ ဒီတာဝန်ထမ်းဆောင်ဖို့ ဘယ်လိုလုပ်ရမယ်ဆိုတာ အချက်(၃)ချက်ရှိပါတယ်။ ညွှန်မှူးပြောသွားသလို (၁)ရေတွေပြန့်ကျဲတာကို စုလိုက်ပြီးတော့ River Training သောင်တူးရမယ်၊ မြစ်မကြီးထဲသို့ စီးဝင်တဲ့ မြစ်လက်တက်များ သဲပို့မှုနည်းအောင် ဆည်လေးတွေဆောက် ရမယ်၊ (၂)မြစ်မကြီးထဲမှာအပြည့် ရေထိန်းတမံဆောက်ပြီး တဖက်က လျှပ်စစ်ဓာတ်ထုတ်မယ်၊ နောက် တစ်ချက် Block ထားပြီး သင်္ဘောသွားမယ်(၃)ချက် လုပ်ဖို့ရှိပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ တွေ့ရှိချက်နည်းနည်းတင်ပြပါမယ်။ နှစ်ပေါင်း ၄၀၊ ၅၀ တုန်းက ဆိုလျှင် နောက်ပိုင်း(၁၀)နှစ်က မိုးအများဆုံးရွာပါတယ်။ နောက်တစ်ချက်က ဘာကြောင့်မြစ်ကမ်းပြိုမှုဖြစ်ရလဲ ဆိုတော့ မိုးများတဲ့အချိန် ရေအားတက်ပြီးတော့ ကမ်းတွေကိုတိုက်စားတယ်။ အတက်ကိုတအားမြန်မြန်စီးတယ်။ ကမ်းပြိုမှုဖြစ် တယ်။ နောက်တစ်ခါက မိုးကျသွားလို့ရှိရင် ဧရာဝတီမြစ်ထဲမှာ အမြင့်ဆုံးနဲ့အနိမ့်ဆုံးက ပေ ၃၀နဲ့ ပေ ၄၀၊ ၄၂လက်မကြားထဲ ရေကျသွားလို့ရှိလျှင် အပေါ်မှာရှိတဲ့ကမ်းပါးကြီးကပြိုကျဖို့ အလားအလာ ရှိတဲ့အတွက် မြစ်ကမ်းပြိုမှုဖြစ်ပါတယ်။ အဓိကကျွန်တော်တို့ဝန်ကြီးဌာနက ပတ်ဝန်းကျင်ထိန်းသိမ်းမှု ထက်ကို မြစ်ကြောင်းများထိန်းသိမ်းရေးကို အဓိကတာဝန်ယူရတော့ ဝန်ကြီးဌာနရဲ့အမြင်ပြောရရင်တော့ မြစ်လက်တက်တွေနားမှာ ဆည်တွေ Dam တွေ များများဆောက်တာဟာ မြစ်ကြောင်းထိန်းသိမ်းဖို့ကို အထောက်အကူပြုပါတယ်။ ဒါမှသာ သဲဝင်မှုနည်းပြီး ကျွန်တော်တို့အဆင်ပြေမှာဖြစ်ပါကြောင်း ဒါတွေ ကို တင်ပြချင်ပါတယ်။

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် အကြံပြုဆွေးနွေးချက်

ကျွန်တော်တို့ ဒီနေ့ ဆွေးနွေးလိုတဲ့ အကြောင်းအရပ်က ဧရာဝတီမြစ် အထက်ပိုင်း ရေကတာ ရေအားလျှပ်စစ်စက်ရုံတွေ တည်ဆောက်တဲ့အတွက် ဧရာဝတီမြစ် ဘယ်လိုထိခိုက်မလဲဆိုတဲ့ အကြောင်း အရာနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးသွားကြတာကိုလေ့လာတွေ့ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ သတ္တု တွင်း ဝန်ကြီးဌာနနဲ့ပတ်သက်သည့် အပိုင်းတွေကိုရှင်းပြသွားမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်အနေဖြင့် အပိုင်း(၂)ပိုင်းခွဲပြီး အကျဉ်းချုံးတင်ပြသွားမှာဖြစ်ပါတယ်။ ပထမအပိုင်းက သတ္တု တွင်းဝန်ကြီးဌာနအနေဖြင့် ဧရာဝတီမြစ်သန့်စင်ကြည်လင်ရေစီးရေလာကောင်းမွန်ပြီးမှုရှိဖို့ လုပ်ဆောင် မှုအပိုင်းတွေကို ရှင်းပြသွားမှာဖြစ်ပါတယ်။ ဒုတိယ အချက်ကတော့ ကျွန်တော်ဆက်လုပ်မဲ့လုပ်ငန်း တွေနဲ့ ပတ်သက်ပြီး ရှင်းမှာဖြစ်ပါတယ်။ တတိယ အပိုင်းကတော့ မူလခေါင်းစဉ်ပါ အချက်နဲ့ပတ်သက် ပြီးတော့က ကျွန်တော်တို့ရဲ့ သဘောထားနဲ့ လက်တွေ့ဆောင်ရွက်နေတာတွေကို ထက်ပြီးရှင်းမှာဖြစ် ပါတယ်။ စာစောကသက်ဆိုင်ရာဝန်ကြီးဌာနများက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များ ပညာရှင်များ၊ ဒါ့အပြင် **NGO** အဖွဲ့များက သူတို့ရဲ့လေ့လာစူးစမ်း စမ်းသပ်တွေ့ရှိသည့် အချက်များနဲ့ ပတ်သက်ပြီးတွေ တင်ပြ သွားတာတွေ့ရှိရပါတယ်။

ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ကတော့ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ် နှစ်ပိုင်းရှိပါတယ်။ ဧရာဝတီမြစ်နဲ့ပတ်သက်လို့ ကချင်ပြည်နယ်ရဲ့ မေခ၊ မေလိခ မြစ်ဆုံမှ ဆင်းလာတဲ့ မန္တလေးအစပ် အထိ ကျွန်တော်တို့နဲ့ အထိုက်အလျှောက် သက်ဆိုင်နေပါတယ်။ နောက်တစ်ခါချင်းတွင်းမြစ်သို့လျှင် ကချင်ပြည်နယ် ဖားကန့် ဥရုချောင်း ကစီးတဲ့ချင်းတွင်းမြစ် စစ်ကိုင်းတိုင်းအထိ ကျွန်တော်တို့နဲ့ သက်ဆိုင် နေပါတယ်။ ဘာကြောင့်သက်ဆိုင်လဲဆိုရင် ဒီလပိုင်းတွေမှာ ဝန်ကြီးဌာနရဲ့ကွပ်ကဲမှုမှာရှိတဲ့ ဦးစီးဌာန များမှတစ်ဆင့် ရွှေတူးခြင်း၊ ကျောက်တူးခြင်းလုပ်ငန်းတွေလုပ်ငန်းတွေလုပ်ကိုင်လျက်ရှိပါတယ်။ ရွှေတူးတာဆိုလျှင် ကချင်ပြည်နယ် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှာ စုစုပေါင်း ကချင်ပြည်နယ် ကနေ မန္တလေး၊ စစ်ကိုင်းအထိ ရွှေလုပ်ကွက် ဧက(၂၀)လုပ်ကွက်(၁၄၀)ပေးထားတာရှိပါတယ်။

ဒီလုပ်ကွက်တွေမှာ အထိုက်အလျှောက်တူးနေတာရှိပါတယ်။ ကချင်ပြည်နယ်ဆိုရင်လည်း ဒီလုပ်ကွက်တွေကတူးတဲ့ မြန်မာ့သတ္တုတွင်းဥပဒေအရ စနစ်တကျတူးရမယ်၊ တူးပြီးရင်တူးပြီးတဲ့ နေရာများမှာ စနစ်တကျနဲ့ (Replantation)သစ်တောသစ်ပင်တွေ ပြန်စိုက်ပေးရမယ်၊ သစ်တောဖြစ် အောင်ထူထောင်ပေးရမယ်လို့ ဥပဒေအရသတ်မှတ်ပြီးတော့မှ ကတိကဝတ် စာချုပ်များဖြင့် ဆောင်ရွက်စေလျက်ရှိသော်လည်းပဲ လက်တွေ့မှာ အားနည်းတာကိုတွေ့ရပါသည်။အလားတူ ကချင်ပြည်နယ် ဖားကန့်မှာလည်း ကျောက်တူး၊ ရွှေတူးတာရှိပါတယ်။ ဒါတွေလည်း ကတိကဝတ် စာချုပ်စာတမ်းတွေနဲ့ ဆောင်ရွက်ပါတယ်။ ဥပဒေအရ စနစ်တကျလုပ်သော်လည်းပဲ အားနည်းတာ တွေ့ရပါတယ်။ ဒါတွေကို ကျွန်တော်တို့ ယခုပြုပြင်နေပါတယ်။

စနစ်တကျဆောင်ရွက်ဖို့ သက်ဆိုင်ရာချောင်းများချောင်းတိုများ ချောင်းလတ်များ အဲဒီကနေ ပြီးတော့ ဖားကန့်မှာဥရုချောင်းထဲစီးဝင်မယ့်လက်တက်များမှာ လက်ရှိလုပ်ဆဲလုပ်ငန်းများမှအပ ထပ်မံ မပေးတော့ပါဘူး လုပ်ကွက်လျှော့သွားမှာဖြစ်ပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ဥရုချောင်းထဲစီးဝင်မည့် သဲများ၊ နုန်းများလျှော့ချသွားမှာဖြစ်ပါတယ်။

နှုန်းနဲ့ နိုင်ငံတော်ကရတဲ့ရာခိုင်နှုန်းက အချိုးအစားမမျှဘူးလို့ ထင်ပါတယ်။ ဒါကြောင့် အကျိုးဆောင်ရတဲ့ရာခိုင်နှုန်းကို ဘယ်လိုဥပဒေနဲ့လုပ်တယ်ဆိုတာသိပါရစေ။ အကျိုးဆောင်တဲ့ကုမ္ပဏီနာမည်ကိုသိချင်ပါတယ်။

မေး။ **Envoy ဂျာနယ်**

BANCA အနေနဲ့ ကြိုတင်ပြင်ဆင်ချိန်(၂)ပတ်နဲ့ လေ့လာချိန်(၅)လ လုပ်ခဲ့တယ်လို့ ပြောပါတယ်။ အမှန်တကယ်လေ့လာမှုက (၇)လလောက်ရှိရမယ်လို့ သိရပါတယ်။ မီဂါဝပ်(၆၀၀၀)လောက်ထုတ်မယ့် စီမံကိန်းတစ်ခုက လေ့လာမှု(၅)လနဲ့ လုံလောက်ပါသလား။ အဲဒီလေ့လာမှု(၅)လကရော ပတ်ဝန်းကျင်အတွက် Safety ဖြစ်မဖြစ် သိချင်ပါတယ်။

မေး။ **မော်ဒန်ဂျာနယ်မှ ဇင်သော်**

ပြည်သူတွေရဲ့ဆန္ဒအရ မြစ်ဆုံစီမံကိန်းကို ဖျက်မယ်ဆိုရင် ဖျက်လို့ ရနိုင်မရနိုင် အဲဒါလေးကို သိချင်ပါတယ်။

မေး။ **မြတ်ခိုင်၊ လျှပ်တစ်ပြက်ဂျာနယ်**

အပြင်မှာတွေ့တဲ့ Show Board မှာ ယခင် အိမ် ဆိုပြီးတော့ တိုင်းရင်းသားတစ်ယောက်ပုံကို ရိုက်ပြထားပါတယ်။ တရားခံလို ဖြစ်နေပါတယ်။ အဲတော့ အဲဒီတိုင်းရင်းသားတွေကို ဘယ်လိုပုံစံမျိုးနဲ့ သူ့ရဲ့နစ်နာကြေးတွေကို လျော်ကြေးပေးနေလဲဆိုတာကို ပြည်သူတွေကိုယ်စား သိလိုပါတယ်။

မေး။ **ရန်ကုန်တိုင်းမ်ဂျာနယ်**

မြစ်ဆုံစီမံကိန်းများ ပြီးသွားခဲ့လို့ ဖြစ်လာမယ့် အကျိုးအပြစ်တွေမှာ ဖြစ်လာမယ့် လျော်ကြေးပမာဏကို ဘယ်လိုများ စာချုပ်များချုပ်ထားပါသလဲ။

မေး။ **7 Days News ဂျာနယ်**

စီပီအိုင်ကို မေးချင်ပါတယ်။ အီးအာရ်အေမှာ ပညာရှင်အများစု ပြောကြတာက ဧရာဝတီမြစ်ဆုံမှာ ဆည်ဆောက်မယ့်အစား မြစ်ဆုံအထက်ပိုင်းက မေခ မေလိခမှာ ဆည်အသေးတွေ ဆောက်သင့်တယ်လို့ ဆိုကြပါတယ်။ ထိုသို့တည်ဆောက်ခြင်းဖြင့် တူညီတဲ့လျှပ်စစ်ပမာဏကိုပဲ ထုတ်လုပ်နိုင်မှာ ဖြစ်ပြီး ရေလွှမ်းမိုးတဲ့ဒေသကို ၃၂ ရွာကနေ ၁၆ ရွာအထိ လျှော့ချနိုင်မှာလို့ သိရပါတယ်။ အဲဒီကိစ္စကို ပြန်ပြီးသုံးသပ်ပေးနိုင်မလား သိချင်ပါတယ်။ (ဘာသာပြန်)

ဖြေ။ ၂၀၀၆ ခုနှစ်မှာ လေ့လာခဲ့တာအရ ဆည်အသေးနှစ်ခုအစား ဆည်အကြီးတစ်ခုလုပ်မယ့် အစီအစဉ်က သိပ်ကောင်းမယ့် အစီအစဉ်မဟုတ်ဘူးလို့ ကျွန်တော်တို့ထင်ပါတယ်။ ဆည်အသေးနှစ်ခုက ထွက်မယ့် ရေအားလျှပ်စစ်ကလည်း အသုံးပြုလောက်အောင် ထွက်မှာမဟုတ်ပါဘူး။ တရုတ်၊ မလေးရှားမှာရှိတဲ့ ဓာတ်အားခွဲရုံများမှာလောက် ဆည်အသေး ၇ ခုမှာ နေထိုင်တဲ့ လူအရေအတွက်များမှာ မဟုတ်ပါဘူး။ စာရင်းကောက်ယူမှုများအရ ၁၈၀၀၀ ဆိုတဲ့ လူအရေအတွက်ဟာ အရမ်းနည်းတဲ့ ပမာဏပဲဖြစ်ပါတယ်။ (ဘာသာပြန်)

မေး။ အခုမေးတာက တစ်ခုဆောက်မည့်အစား နှစ်ခုဆောက်မည့်အစီအစဉ်ကို ပြန်သုံးသပ်ဦးမှာလား ဆိုတာပါ။ ဟုတ်တယ် မဟုတ်ဘူး အဖြေပေးစေချင်ပါတယ်။

အမေးအဖြေများ

မေး။ **Weekly 11 News** ဂျာနယ်

မြစ်ဆုံစီမံကိန်းက ဓာတ်အားမီဂါဝပ်ကို လုပ်ငန်းရဲ့ ၁၀% မြန်မာကရမယ်ဆိုရင် မြန်မာက ဘယ်လောက်နှုန်းနဲ့ပြန်ဝယ်ရမလဲ၊ မြန်မာအစိုးရမှာ ငွေမရှိဘူးလို့ ဝန်ကြီးကပြောဖူးတယ်၊ ကျွန်တော်တို့ သိသမျှ သဘာဝဓာတ်ငွေ့ရောင်းရငွေ တစ်နှစ်ကို ၂.၇ဘီလျံရတယ်လို့ သိရပါတယ်။ အဲဒီငွေတွေ ဘယ်ရောက်သွားပါသလဲ။ ဒီစီမံကိန်းက အကျိုးခံစားခွင့်တစ်နှစ်ကို သန်း (၅၀၀)ရတယ်ဆိုရင် တရုတ်အနေနဲ့ ဘယ်လောက်ရမှာလဲ၊ ဒီစီမံကိန်းရဲ့ သူတို့ရင်းနှီးမြှုပ်နှံမှု (၃ ဒသမ ၅) ဘီလျံဆိုတော့ သုံးနှစ် လောက်နဲ့ကျေမယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီမြစ်ဆုံစီမံကိန်းမှာ ကျွန်တော်တို့ရဲ့လုပ်ငန်းရှင်တွေစုပေါင်းပြီး ရင်းနှီးမြှုပ်နှံလို့ မရဘူးလား။ CPI အနေနဲ့ ဒီစီမံကိန်းကို ကြားက ဘယ်သူအကျိုးဆောင်ပေးပါသလဲ။ ဘယ်လောက်ပေးခဲ့ရပါသလဲ။ ဘယ်ကုမ္ပဏီဆိုတာ ထုတ်ပြန်ပေးစေလိုပါတယ်။

မေး။ **ဦးကိုကို၊ ရန်ကုန်တိုင်းမ်ဂျာနယ်**

BANCA က ပြောတဲ့အတိုင်းဆိုရင် ပြည့်စုံလုံလောက်မှုမရှိဘူး၊ ယေဘုယျအားဖြင့် စူးစမ်းလေ့လာဖို့လိုကြောင်းတွေ့ရပါတယ်။ ယခုလိုစူးစမ်းလေ့လာနေတဲ့ကာလမှာ ဒီစီမံကိန်းကို ခေတ္တရပ်ဆိုင်းထားဖို့ အကြံပြုပါတယ်။ ဆက်လုပ်နေမယ်ဆိုရင် တရုတ်ဖက်က ရင်းနှီးမြှုပ်နှံတွေ ပိုဝင်ပြီး ကျွံသွားတာ ဖြစ်တတ်တာကြောင့် ဒီစီမံကိန်းကို ခေတ္တရပ်နားထားဖို့ ရှိ-မရှိသိလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကိုယ်ရပ်ရွာပြန်တဲ့အခါ ပြည်သူလူထုကို ပြန်ရှင်းပြပြီး တိုက်ရိုက်သဘောထားတောင်းပြီး လွှတ်တော်အတွင်းမှာ မဲခွဲဆုံးဖြတ်ရင် ပိုပြီးသင့်လျော်မယ်လို့ တင်ပြလိုပါတယ်။

မေး။ **ဦးမျိုးအောင်၊ မျက်မှောက်ရေးရာဂျာနယ်**

EIA ရဲ့ အဆင့်(၂)မှာ Report ကို Public Involvement နဲ့ disclosure လုပ်ပြီးမှ တစ်ခြားကဏ္ဍတွေကို ဆက်လုပ်ရမယ်လို့ မှတ်သားဖူးပါတယ်။ အဲဒါကို CPI က လုပ်ဆောင်တာ မတွေ့ရသေးတဲ့အတွက် ဘယ်တော့လုပ်ဆောင်မလဲ သိချင်ပါတယ်။

မေး။ **ဒေါက်တာတင်အောင်ရွှေ၊ ကနောင်ဂျာနယ်**

စာမျက်နှာ ၉၀၀ရှိတယ်ဆိုတဲ့ EIA Report ကို ချပြသင့်တယ်လို့ ယူဆချင်ပါတယ်။ အဲဒီ Report မှာ မြစ်ဆုံမှာ Dam ဆောက်သင့်တယ်လို့ ဘယ်လို တင်ပြခဲ့ပါသလဲ သိချင်ပါတယ်။ Project ဘယ်လောက်အထိခရီးရောက်နေပါသလဲ။ EIA ရောဆက်လုပ်နေပါသလား။

မေး။ **ဒေါ်မြနှင်း၊ The Voice ဂျာနယ်**

EIA Report က စာမျက်နှာ (၉၀၀)ကျော်ရှိတယ်လို့သိရပါတယ်။ စာနယ်ဇင်းရှင်းလင်းပွဲ လုပ်၊ မလုပ် သိလိုပါတယ်။

မေး။ **Hot News ဂျာနယ်**

မြန်မာနိုင်ငံကရရှိမယ့် ရာခိုင်နှုန်းက ၂၀ ရာခိုင်နှုန်းလို့သိရပါတယ်။ အကျိုးဆောင်ကရတဲ့ ရာခိုင်

အမှတ် (၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ် (၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း

ကျွန်တော်အကျဉ်းချုပ်တင်ပြပါမယ်။ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌအနေနဲ့ အကြံပြုဆွေးနွေးပါမယ်။ စက်မှုနိုင်ငံထူထောင်ဖို့ ရည်ရွယ်မယ်ဆိုရင် သမ္မတကြီးက အစပြုပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးများအပါအဝင် အားလုံးတက်ညီလက်ညီဆောင်ရွက်ကြဖို့ပဲဖြစ်ပါတယ်။

ဒါကြောင့် တစ်ဖက်ကလည်း လျှပ်စစ်တွေရမယ်ဆိုရင်ကောင်းတဲ့အချက်ပါ၊ သို့သော်တစ်ဖက်ကလည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမဲ့အချက်ကို စိုးရိမ်ပူပန်ကြတယ်၊ ဒါကလဲပူပန်ရမယ့်ကိစ္စပဲ။ ဒီနှစ်ဖက်ရှိတယ်လို့ ကျွန်တော်တင်ပြချင်ပါတယ်။

အခုဆွေးနွေးသွားတဲ့အချက်က ပြည့်စုံချင်မှလည်းပြည့်စုံမှာပါ။ အချိန်ကလဲနည်းပါးသွားတာပါပါတယ်။ လွန်ခဲ့တဲ့နှစ်နှစ်၊ သုံးနှစ်ကအချိန်နဲ့ မတူတော့ပါဘူး။ အချိန်နဲ့ဆန်းသစ်တဲ့နည်းပညာတွေလည်း မတူတော့ပါဘူး။ ဒါကြောင့်ပြန်လည်စိစစ်စမ်းသပ်ဖို့လည်း လိုအပ်ပါတယ်။ ဒါဟာအိမ်ထောင်မှုဘုရားတည်၊ ဆေးမှင်ရည်စုပ်ထိုးဆိုသလို နောင်ပြင်ရခက်တဲ့အလုပ်မျိုးပါ။

တိုင်ပင်ခြင်းမရှိတဲ့အလုပ်က ပျက်စီးတတ်တယ်ဆိုတဲ့ စကားလည်းရှိပါတယ်၊ အလားတူတိုင်ပင်ခြင်း မရှိတဲ့စီမံကိန်းအလုပ်ကလည်း ပျက်စီးတတ်ပါတယ်။ များများတိုင်ပင်ရင် များများအောင်မြင်မယ်၊ အားလုံး ဝိုင်းဝန်းတိုင်ပင်ဆွေးနွေးမယ်ဆိုရင် အကျိုးများနိုင်တယ်လို့ ကျွန်တော်ကောက်နုတ်တင်ပြပါတယ်။ စိတ်ပိုင်း ဆိုင်ရာခံစားမှုတွေ၊ လုံခြုံရေးအမြင်၊ စည်းလုံးညီညွတ်ရေးအမြင်တွေအပါအဝင် ဘက်ပေါင်းစုံမှ စိစစ်ဖို့လိုပါတယ်။ လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေးမဟာဗျူဟာအရလည်း ဆန်းစစ်ဖို့လိုပါတယ်။

စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ အကြံပြုဆွေးနွေးချင်တာကတော့ ဘယ်သူကိုမှ မပြစ်မတင်ပါဘူး၊ နိုင်ငံတော်အကျိုးအတွက်ပဲ စဉ်းစားဖို့ပဲလိုပါတယ်။ ဒါကြောင့်အကြံပြုလိုတာ (၂)ချက်ရှိပါတယ်။

ပြန်ပြီး Review လုပ်ဖို့လိုပါတယ်။ ပြည်သူလူထုလွှတ်တော်ကိုယ်စားလှယ်တွေကိုချပြပါ။ အခုတော့ CPI က သိမ်းထားတယ်ဆိုတော့မဟုတ်ဘူး။ ပညာရှင်တွေနဲ့ စုပေါင်းပြီး အမျိုးသားအကျိုးစီးပွားအတွက် ဝေဖန်သုံးသပ်သင့်တယ်။

နောက်တစ်ချက်ကတော့ ဆည်တွေဆောက်တာ တစ်နေရာထဲရွေးပြီး ဆောင်ရွက်သလို နှစ်နေရာ၊ သုံးနေရာရွေးပြီး ဆောင်ရွက်ရင်လည်းရနိုင်ပါတယ်။ ပြည်သူတွေလက်ခံတဲ့ မေခ၊ မလိခရဲ့ အထက်မှာလည်း ပြောင်းရွှေ့ပြီးဆောင်ရွက်ရင် ဒီမီဂါဝပ်တွေပဲရမယ်ဆိုရင်တော့ သားရွှေအိုးထမ်းသလိုမျိုးဖြစ်မယ်လို့ အကြံပြုချင်ပါတယ်။ ဒါက ကျွန်တော်ရဲ့အကြံပြုချက်များပဲဖြစ်ပါတယ်။ ပြည်သူအကျိုးကို ဦးစားပေးရမှာဖြစ်ပါတယ်။

ဒေါ်ခင်ဝိုင်းကြည် (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

အမျိုးသားလွှတ်တော်ငွေစာရင်းဥပဒေကော်မတီဝင်တစ်ဦးပါ။ ကျွန်မက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စိတ်ဝင်စားပါတယ်။ မြစ်ဆုံကိစ္စတစ်နိုင်ငံလုံးစိတ်ဝင်စားကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီဆောင်ရွက်ကြရင် စိတ်ဝမ်းကွဲစရာမရှိနိုင်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် (၄)ပါ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာဟာ ပြည်သူလူထုထံ ဆင်းသက်ရမယ်လို့ဆိုထားတော့ ပြည်သူလူထုက အာဏာရှင်အစစ်ပါ။

ပဋ္ဌမ မဏ္ဍိုင်ဆိုတဲ့ ပြည်သူလူထုကို မေ့ထားလို့မရဘူး၊ ဒါကြောင့် ဥပဒေအတွင်းက ဆောင်ရွက်သွားမယ်ဆိုရင်အားလုံးအဆင်ပြေသွားမှာပါ။ အားလုံးညီညီညွတ်ညွတ်ဆောင်ရွက်ကြမယ်ဆိုရင် နိုင်ငံတော်ကလုပ်ဆောင်နေတဲ့စီမံကိန်းကြီးတွေ အောင်မြင်မယ်လို့ ကျွန်မယုံကြည်ပါတယ်။ ပြည်သူလူထုတွေစိတ်ချမ်းသာစေဖို့ သံသယကင်းစေဖို့ သက်ဆိုင်ရာပုဂ္ဂိုလ်များက ညှိနှိုင်းဆောင်ရွက်ကြပါလို့ မေတ္တာရပ်ခံပါတယ်။ ဒါကြောင့် လေ့လာတဲ့အဖွဲ့တွေက မြန်မာနိုင်ငံအတွက် ဘာတွေအန္တရာယ်ရှိမလဲဆိုတာ ဆန်းစစ်ကြဖို့လိုတယ်လို့ ပြောချင်ပါတယ်။

ဒေါက်တာတင်ရွှေ (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

လွှတ်တော်မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဆိုပြုပြီးတော့ ကျွန်တော်အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၅)ဦးက ထောက်ခံဆွေးနွေးခဲ့ပါတယ်။ BANCA ဥက္ကဋ္ဌဒေါက်တာထင်လှက နာဂစ်ပြီးတဲ့အခါမှာ သူရဲ့စီမံကိန်းကို စခဲ့တယ်ဆိုပြီးပြော ပါတယ်။ သူရဲ့စီမံကိန်းစတင်မှုနဲ့ နာဂစ် ဘယ်လိုများဆက်နွယ်မှုရှိသလဲသိချင်ပါတယ်။

နောက်တစ်ခုက ဒေါက်တာထင်လှပြောသွားတဲ့အထဲမှာ သစ်တွေကိုခိုးထုတ်တယ်လို့ ပြောသွားပါတယ်။ အဲဒီလိုခိုးထုတ်တာဟာ မြစ်ဆုံဧရိယာနားမှာပဲလား၊ အခြားဘယ်နေရာများ တွေ့ရှိရပါသလဲ။ ရေထဲမှာ Mineral ပါတဲ့ကိစ္စနဲ့ပတ်သက်ပြီး မြစ်ဆုံနားကရေတွေကိုပဲ စမ်းသပ်ခဲ့တာလား၊ နောက်ပြီးဆန်းပြားထွေထူးကဲငှက်တွေကို တွေ့ခဲ့တယ်ဆိုတာ မြစ်ဆုံနေရာမှာပဲလား သိချင်ပါတယ်။

နောက်တစ်ခုကတော့ ကောင်းကျော်စေကုမ္ပဏီက ဦးထွန်းနိုင်အောင်က ၁၉၉၇ခုနှစ် Kyoto Protocol နဲ့ပတ်သက်လို့ Green House တွေဆိုပြီး တင်ပြသွားပါတယ်။ အဲဒီမှာ ဖန်လုံအိမ်ဓာတ်ငွေ့(၆)ခုအကြောင်း တင်ပြသွားပါတယ်။ ဒီ Gases တွေဟာ ဒီ Dam ဆောက်လုပ်တာနဲ့ လျော့ပါးသွားမလား၊ Dam ရဲ့အခြေအနေက Industry တွေရှိနိုင်မလား၊ ဒီ Dam တွေဆောက်တာနဲ့ Gases တွေ လျော့သွားမှာလား။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးပြောသွားတဲ့ ကျွန်တော်တို့မှန်မှန်ကန်ကန်လုပ်မယ်၊ ဘယ်သူ့မျက်နှာမှမထောက်ဘူးဆိုတဲ့စကားကလည်း ပြောင်းလဲလာတဲ့စနစ်မှာ အမြတ်ပဲလို့ ကျွန်တော်ပြောချင်ပါတယ်။

ဝန်ကြီးကလဲ စနစ်တကျလုပ်မှာပါ၊ သတ္တုတွင်းဝန်ကြီးကလဲပြောကြားသွားတဲ့စကားအရဆိုရင် သားရွှေအိုးထမ်းရသလိုဝမ်းသာစရာပါ။ မြစ်ဆုံ Dam လုပ်ငန်းကတော့ လွှတ်တော်မှာလဲဆွေးနွေးခဲ့လို့ အကျယ် မဆွေးနွေးလိုတော့ပါဘူး။ မြန်မာမြေပုံလေးကို လှသထက်လှအောင်သက်ဆိုင်ရာ တာဝန်ရှိသူတွေက ရှိနေတဲ့သယံဇာတတွေကို နောင်လာနောင်သားတွေအတွက် မပျက်စီးစေဘဲ လုံလုံလောက်လောက်သုံးစွဲနိုင်အောင် ယခုလက်ရှိမှာလဲ လိုအပ်တာကို သုံးစွဲနိုင်ဖို့ဖြစ်အောင် ပြည်ထောင်စုဝန်ကြီးများက ဆောင်ရွက်နိုင်ပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ်ပါတယ်။

ဖြေ။ **BENCA**

နာဂစ်ကိုညွှန်းသည်မှာ မှတ်မှတ်ရရရှိမှုကို ရည်ညွှန်းပြောမိခြင်း ဖြစ်ပါသည်။ ရေ၏ Quality နှင့်ပတ်သက်၍ နေရာ(၁၈)ခုတွင်တိုင်းခဲ့ခြင်းဖြစ်ပါသည်။ ငှက်များကို လေ့လာရခြင်းမှာ Bio Diversity နှင့်ပတ်သက်၍ ငှက်များကို အဓိကထားရသည့်သဘာဝကြောင့် ဖြစ်ပါသည်။

သစ်ကိစ္စနှင့်ပတ်သက်၍ မြစ်ဆုံနားတစ်ဝိုက်တွင် တွေ့မြင်ခဲ့ရခြင်း ဖြစ်ပါသည်။

ဆွေးနွေး။ Union ဖြစ်ဖို့လိုကြောင်း တွေ့ရှိရသဖြင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးစေလိုပါသည်။

ရှိမလား။ (ဘာသာပြန်)

မေး။ ကျွန်တော်တို့ဟာ သဘာဝအရင်းအမြစ် တွေ၊ တွင်းထွက်တွေ၊ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး၊ အမျိုးသားသင်္ကေတများထိန်းသိမ်းရေးတို့ကို ထိန်းသိမ်းကြပါတယ်။ မြစ်ဆုံဟာ ကျွန်တော်တို့၏ အမျိုးသားအထိမ်းအမှတ်တစ်ခုဖြစ်ပါတယ်။ ဒီလိုဒေသမှာမှီတင်းနေထိုင်သူတွေကို တစ်ခုခုများလုပ်ပေးနိုင်တာရှိမလား၊ ခရီးသွားလာရေးလွယ်ကူချောမွေ့ရေးအတွက်ပေါ့။ ဒါမှမဟုတ် တစ်ခြား အမျိုးသားအထိမ်းအမှတ်များထိန်းသိမ်းရေး၊ အပန်းဖြေရေးနှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးတို့ပေါ့။ (ဘာသာပြန်)

ဖြေ။ ဒီလိုရေလှောင်တမံဒေသမှာ အမျိုးသားအထိမ်းအမှတ်များထိန်းသိမ်းရေးတို့ကိုလုပ်ဖို့အတွက် လိုအပ်ပါတယ်။ တောတောင်တွေပတ်ခွေနေတဲ့အတွက်ကြောင့် ရေလှောင်တမံဟာသေးနိုင်ပါတယ်။ မြန်မာအစိုးရရဲ့ လိုအပ်ချက်နဲ့လျှပ်စစ်စွမ်းအား(၁)တို့နှင့်ပေါင်းစပ်ပြီးကောင်းမွန်သောအစီအစဉ်များလုပ်ဖို့ရှိပါတယ်။ ဒါကြောင့် ဒီလိုမြစ်ဆုံဒေသမှာနေထိုင်သူများဟာ စိုးရိမ်ဖို့မလိုအပ်တော့ပါဘူး။ ဒီဒေသမှာရှိတဲ့လူတွေဟာ နောက်ပိုင်းမှာ ကောင်းမွန်တဲ့ ပြန်လည်နေရာချထားမှုအစီအစဉ်တွေကြောင့် ပိုပြီးတော့ အဆင်ပြေလာကြမှာပါ။ တရုတ်ပြည်မှာလည်း မြစ်ကျဉ်းသုံးသွယ်တမံ စီမံကိန်းနေရာဟာ အထင်ကရ လှပတဲ့အထိမ်းအမှတ်နေရာတစ်ခုဖြစ်နေပါတယ်။ ဒီလိုပဲ မြစ်ဆုံတမံဒေသဟာလည်း ပြီးသွားတဲ့အခါမှာ ယခင်နဲ့မတူညီတဲ့ လှပတဲ့ အထိမ်းအမှတ်နေရာ တစ်ခုဖြစ်လာမှာကို တွေ့ရမှာပါ။ (ဘာသာပြန်)

မေး။ နောက်ထပ်မေးခွန်းတစ်ခုကတော့ ဒီမြစ်ဆုံဒေသခံတိုင်းရင်းသားများဟာ ရေပြင်တွေဖုံးလွှမ်းသွားပြီး မေခမလိခကြားနေရာဟာ ကျွန်းလိုဖြစ်သွားမှာမို့ သွားရေးလာရေးခက်နိုင်ပါတယ်။ သူတို့အတွက်လမ်းပန်းဆက်သွယ်ရေးကအစ အစီအစဉ်တွေ လုပ်ပေးနိုင်တာများရှိမလား။ ဒါကြောင့် သူတို့အတွက် အဆင်ပြေအောင် လမ်းပန်းဆက်သွယ်ရေးကအစ လုပ်ပေးနိုင်တာများရှိမလား။ (ဘာသာပြန်)

ဖြေ။ ဒီတမံတွေနဲ့ပတ်သက်ပြီး အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးသွားမှာပါ။ သူတို့လည်း နောက်ပိုင်းမှာ ပိုပြီးတော့ အနေအထားတွေကောင်းမွန်လာမှာပါ။ (ဘာသာပြန်)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူ

မေး။ ကျွန်တော့်ရဲ့ မဲဆန္ဒရှင်တွေနဲ့ တစ်ထပ်တည်း ကျွန်တော်လည်းခံစားရပါတယ်။ အင်မတန်မှ ကြီးမားတဲ့ Dam ကြီးကြောင့် ပြည်သူများကတော့ စိုးရိမ်စိတ်၊ ကြောင့်ကြစိတ်တွေ ခေါင်းပေါ် ရွက်ထားသလို ခံစားနေကြရပါတယ်။ ဒါကြောင့်မို့ ဒီလိုအရမ်းကြီးမားတဲ့ Hydropower Plant အစား အလတ်စားDam တွေကို မလိခနဲ့ မေခမှာ အစားထိုးလုပ်ပေးပြီးမှ မီဂါဝပ် အဲလောက်ထွက်လာအောင် လုပ်ပေးနိုင်ရင်တော့ ကျွန်တော်တို့အဲဒါကို ပိုပြီးတော့ကြိုဆိုပါတယ်။ ကျွန်တော့်မဲဆန္ဒရှင်များရော၊ ကျွန်တော်ရော ဒါကိုတစ်ထပ်တည်းပြောချင်ပါတယ်။ နောက်ပြီး စီပီအိုင်ကုမ္ပဏီကအစ်ကိုကြီးလီကွန်ဟွာကို မေးခွန်းတစ်ခုလောက်မေးချင်ပါတယ်။ ဘယ်သူမှ သဘာဝဘေးအန္တရာယ်ကို မျှော်လင့်မထားပါဘူး။ ပူတာအိုမှာ ၁၈၀၀ခုနှစ်လောက်က ကြီးမား တဲ့ ငလျင်တစ်ခုလှုပ်သွားပါတယ်။ ပူတာအိုတောင်ကြားဒေသရှိအချို့နေရာများမှာ ရေများကြီးပါ တယ်။ ဒါကြောင့် ပူတာအိုဒေသမှာ နေထိုင်သူတွေအနက် အသက်ရှင်ကျန်ရစ်သူ အနည်းငယ်မျှ သာရှိပါတယ်။ ဒီလိုသဘာဝဘေးအန္တရာယ်များ၏ အခက်အခဲပြဿနာများကို ဘယ်လိုတာဝန်ယူဖြေရှင်းမှာပါလဲလို့မေးတဲ့ မေးခွန်းဟာ အတော်ကြီးမားပြီး ခက်ခဲမယ်ဆိုတာ ကိုယ်ချင်းစာနာပါတယ်။ မေခနဲ့မေလိခမြစ်ဆုံကြား ဒီလောက်မကြီးတဲ့ အလတ်စားရေအား လျှပ်စစ်စီမံကိန်းများ ပိုပြီးတည်ဆောက်ပေးနိုင်မလား။

ဖြေ။ **Mr. Li Guanghua, President of CPIYN**

ရေအားလျှပ်စစ်စီမံကိန်းကိုတည်ဆောက်ဖို့အတွက် လေ့လာမှုများလုပ်ဖို့အချိန် အတော်များများ ယူရပါတယ်။ ကျွန်တော်တို့ဟာ မြန်မာအဖွဲ့အစည်းများနဲ့ လျှပ်စစ်စွမ်းအား(၁)တို့နဲ့ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီမြစ်ဆုံဒေသမှာ မြစ်ကြောင်းတစ်လျှောက် မြင့်မားသော တောင်တန်းများသွယ်တန်းလျှက်ရှိပါတယ်။ ရေအားလျှပ်စစ်စီမံကိန်းလုပ်ဆောင်ရန် စီမံမှုများ မပြုလုပ်ရသေးပါဘူး။ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းဟာ ကြီးမားပါတယ်။ ဒါပေမယ့် မြစ်ဝါမြစ်ပေါ်မှာဆောက်ထားတဲ့ မြစ်ကျဉ်းသုံးသွယ်တမံလိုမျိုး တစ်ခြားတမံတွေနဲ့နှိုင်းစာလျှင်တော့ သိပ်မကြီးသေးပါဘူး။ အလျားကတော့ ရှည်ပါတယ်။ အကယ်၍ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရင်တော့ ယခုတရုတ်မှာတည်ဆောက်လျက်ရှိသောစီမံကိန်းများကဲ့သို့ တရုတ်အဆင့်အတန်းအတိုင်း တည်ဆောက်မှာဖြစ်ပါတယ်။ကျွန်တော်တို့ဟာ ဂျေအိုင်အေနှင့် အက်စ်အိုင်အေတို့ကိုပြုလုပ်ရန် တရုတ်အဆင့်အတန်းအတိုင်း တည်ဆောက်မှာဖြစ်ပါတယ်။ ရဲရွာရေအားလျှပ်စစ်စီမံကိန်းကိုလည်း လွန်ခဲ့သော နှစ်အတော်များများ၊ ၁၅ နှစ်ကျော်၊ ၃၀ ကျော်လောက်က တည်ဆောက်ခဲ့ပါတယ်။ တရုတ်အရည်အသွေးဟာ ကမ္ဘာပေါ်မှာ အလုံခြုံဆုံး အရည်အသွေးဖြစ်ပါတယ်။ ဒီလို သဘာဝဘေးအန္တရာယ်တွေမျိုးအတွက် စိတ်ချရတယ်ဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။

မေး။ ကျွန်တော်တို့ဒေသမှာ လူဦးရေ ၃သိန်းရှိပါတယ်။ ဒီလူတွေဟာ သူတို့၏ရွာများ ရေထဲမှာနစ်မြုပ်မှာကြောက်နေကြပါတယ်။ သူတို့အတွက်အနာဂါတ်စီမံကိန်းတစ်ခုခုလုပ်ပေးနိုင်တာများ

ဝန်ကြီးများနဲ့ဂုဏ်သရေရှိလူကြီးမင်းများခင်ဗျား . . . .

သဘာဝမိခင်ဧရာဝတီမြစ်ကြီးရဲ့ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ အများပြည်သူလူထုနှင့် ပြည်သူရွေးကောက်ထားတဲ့ နိုင်ငံတော်အစိုးရကြားနားလည်စိတ်ချယုံကြည်မှု (Trust Bulding)ကို ယခုထက်ပိုမိုရရှိအောင် ဆောင်ရွက်သွားသင့်တယ်လို့ ထင်မြင်ယူဆသလို ကချင်ပြည်နယ်အမြဲတည်ငြိမ်အေးချမ်းမှုနှင့် မြန်မာနိုင်ငံထာဝရငြိမ်းချမ်းမှုလည်း အရေးကြီးမှာဖြစ်ကြောင်းကို လေးစားစွာတင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား . . . .

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၏ဆွေးနွေးချက်

ဝန်ကြီးများနဲ့ ဂုဏ်သရေရှိလူကြီးမင်းများခင်ဗျား. . .

မြန်မာနိုင်ငံရဲ့သဘာဝမိခင်ဧရာဝတီမြစ်ကြီးဟာ သမိုင်းတစ်လျှောက်မြန်မာနိုင်ငံကို ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့တဲ့ ယဉ်ကျေးသိမ်မွေ့ပြီး တာဝန်ကျေပွန်နေတဲ့ မြန်မာနိုင်ငံရဲ့သဘာဝ မိခင်ကြီးဖြစ်ပါတယ်။

ယနေ့ကမ္ဘာရွာဖြစ်လာတဲ့အခါ ကျွန်တော်တို့နိုင်ငံလည်း ပတ်ဝန်းကျင်နိုင်ငံများနှင့်သော်လည်းကောင်း၊ ကမ္ဘာနှင့်သော်လည်းကောင်း ရင်ဘောင်တန်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် မဖြစ်မနေကြိုးစားဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါတယ်။ အဲဒီတော့စွမ်းအင်လိုအပ်လာပါတယ်။ သဘာဝမိခင်ဧရာဝတီမြစ်ကြီးဟာလည်း မြန်မာနိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ ခေတ်နဲ့အညီမြန်မာနိုင်ငံကို ဆက်လက်ကျွေးမွေးပြုစုစောင့်ရှောက်ရန်အတွက် စွမ်းအင်တွေထုတ်လုပ်နိုင်ဖို့ ရေကာတာဆောင်ရွက်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်ဖို့ ပြင်ဆင်ဆောင်ရွက်နေတာကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ အဲဒါကြောင့် ကချင်ပြည်နယ်၊ မေခမြစ်မှာသော်လည်းကောင်း၊ မလိခ မြစ်မှာသော်လည်းကောင်း၊ ၎င်းမြစ်(၂)ခုဆုံပြီးဖြစ်ပေါ်လာတဲ့ မြစ်ဆုံအောက်နားက ဧရာဝတီမြစ်ကြီးပေါ်မှာ သော်လည်းကောင်း ရေကာတာတည်ဆောက်ပြီး ရေအားလျှပ်စစ်စွမ်းအင်ထုတ်လုပ်ဖို့ ပြင်ဆင်လုပ်ဆောင်လျက်ရှိပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြစ်ဆုံကျေးလက်ဒေသဝန်းကျင်မှာ အချိန်တိုအတွင်း ရေအားလျှပ်စစ်စီမံကိန်းကြီးနဲ့ပတ်သက်၍ ဧရာဝတီမြစ်ကြီးကို ရေကာတာလုပ်ပြီး ဆောင်ရွက်လာတော့ ကချင်ပြည်နယ်ဒေသခံပြည်သူတွေဟာ စိုးရိမ်ပူပန်နေကြပါတယ်။ ကျွန်တော်လည်း Dam နဲ့ ၂၄ မိုင်ဝန်းကျင်အကွာ မြစ်ကမ်းနံဘေးနားမှာနေတော့ ရိုးရိုးသားသားပြောရရင် ကျနော်လည်းစိုးရိမ်ပါတယ်။ မြန်မာနိုင်ငံရှိ ပြည်သူအချို့လည်း စိုးရိမ်နေကြတယ်လို့ကြားသိရပါတယ်။ ခန့်မှန်းရခက်တဲ့ သဘာဝတရား၊ နောက်ပြီးသဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍လည်းကောင်း၊ သယံဇာတများနှင့်ပတ်သက်၍လည်းကောင်း စဉ်းစားဆင်ခြင်တွက်ချက်သတိထားသင့်တယ်လို့ယူဆပါတယ်။ ရယူခံစားဖို့အတွက် ထိုက်တန်တဲ့ပေးဆပ်မှု ရှိရပါမယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက် သဘာဝကိုအတိုင်းအတာတစ်ခုအထိတော့ ပေးဆပ်ရမယ်လို့ နားလည်ပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမှ ငလျင်၊ မုန်တိုင်းနှင့် ၁၀ နှစ်၊ ၁၅ နှစ်ဝန်းကျင်တစ်ကြိမ် ရေ ထူးထူးခြားခြားကြီးမှု/နုံး၊ ရွံ့များ ရေတွင်ပါဝင်မှု၊ သစ်တုံးသစ်ပင်များ မျောပါမှုတို့နှင့် ပတ်သက်၍စိုးရိမ်သော်လည်း ပညာရှင်များပိုမိုလေ့လာသိရှိပြီးဖြစ်ပါလိမ့်မယ်။ ဒါကြောင့်အာမခံမှု မည်သည့်အတိုင်းအတာအထိရှိသည်ကို အများပြည်သူသိရှိနားလည်လျှင် ပိုမိုကောင်းမွန်မည်ဖြစ်ပါတယ်။

ဒီနေ့ဒီအချိန် ကျွန်တော်တို့နိုင်ငံဟာ ပြည်သူတွေရွေးကောက်တဲ့ ပြည်သူ့အစိုးရ၊ ဒီမိုကရေစီခေတ်စနစ်၊ ထင်သာမြင်သာ Transparmcy ရှိရှိနဲ့ စတင်ဆောင်ရွက်လာတဲ့အချိန်၊ စတုတ္ထမဏ္ဍိုင်မီဒီယာခေတ်စနစ်မှာ အများမှနားလည်လက်ခံယုံကြည်နိုင်ဖို့အတွက် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ အများပြည်သူကို ပြောပြရှင်းလင်းခြင်း Awareness များများလုပ်ရမယ်လို့ ထင်မြင်ယူဆပါတယ်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ် စီမံကိန်းဦးစီးဌာန၊ ဒီဇိုင်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးမင်းခိုင်

မေး။ ရေလမ်းကြောင်းလွှဲမှာ ဖြစ်တဲ့အတွက် မြစ်ကို ပိတ်ရမှာမို့လို့ မြစ်အောက်ပိုင်း အကျိုးသက်ရောက်မှုများကို သိလိုပါတယ်။ ဖြစ်နိုင်ချေလေ့လာခြင်းအစီရင်ခံစာအရ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သွားမှာ ဖြစ်ပြီး အဆင့်သုံးဆင့် ရှိမည် ဖြစ်ပါသည်။ ရေလမ်းကြောင်းလွှဲရန် ရေတားတမံအား တည်ဆောက်မည် ဖြစ်သောကြောင့် မြစ်အောက်ပိုင်းဒေသများတွင် ရေရှိမှု လျော့နည်းသွားမှာ ဖြစ်လို့ အဲဒါရဲ့နောက်ဆက်တွဲ အကျိုးဆက်များကို သိလိုပါတယ်။ (ဘာသာပြန်)

ဖြေ။ **Mr.Li Guanghua, President of CPIYN**

ရေတားတမံကို တည်ဆောက်ရာမှာ အောက်ဆုံးအနိမ့်ဆုံးတွင် အပေါက်တစ်ခုရှိမှာဖြစ်တဲ့အတွက် အထက်မှ ရေစီးဆင်းနိုင်မှာ ဖြစ်ပါတယ်။ အောက်ဆုံးအဆင့်ကို တည်ဆောက်ပြီးတဲ့အခါ ရေတားတမံရဲ့အမြင့်ကို ထပ်မံမြှင့်တင်ပြီး ရေလွှမ်းမိုးမှုများကို ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။ စိတ်ဝင်စားရင် ကျွန်တော်တို့ရဲ့ ဝက်ဘ်ဆိုဒ်မှာ တည်ဆောက်မှုအဆင့်ဆင့်ကို ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ ဒါကြောင့် တည်ဆောက်စဉ်ကာလမှာ မြစ်အောက်ပိုင်းဒေသများအပေါ် မည်သည့်အကျိုးသက်ရောက်မှုမှာ ရှိမည် မဟုတ်ပါ။ (ဘာသာပြန်)

မေး။ မြစ်ဆုံဆည်စီမံကိန်းဟာ ကြီးမားတဲ့ စီမံကိန်းကြီးတစ်ခုဖြစ်တာကြောင့် ငလျင်ဒဏ်ခံနိုင်မှု ရှိမရှိ သိလိုပါတယ်။ အနာဂတ်မှာရော ငလျင်ဒဏ် ခံနိုင်မှု ရှိမရှိ ဆက်လက်ပြီး စူးစမ်းလေ့လာမှုများ ပြုလုပ်သွားဖို့ အစီအစဉ် ရှိပါသလား။ (ဘာသာပြန်)

ဖြေ။ **Mr.Li Guanghua, President of CPIYN**

ကုမ္ပဏီဟာ ဆည်ရဲ့ အန္တရာယ်ကင်းရှင်းရေးအတွက် ငလျင်ဆိုင်ရာ အထူးပြုလေ့လာမှုတွေကို နှစ်နှစ်ကျော် ပြုလုပ်ခဲ့ပါတယ်။ စူးစမ်းလေ့လာမှုများအရ ၁၉၂၆ မှာ ဖြစ်ခဲ့တဲ့ ငလျင်ဟာ ပြင်းအား အဆင့် ၇ ရှိခဲ့ပြီး ဒေသတွင်း အကြီးမားဆုံးငလျင်ဖြစ်ခဲ့ပါတယ်။ အခုအခါမှာ ငလျင်ဒဏ် ပြင်းအား အဆင့် ၉ အထိ ခံနိုင်ရည်ရှိအောင် ဒီဇိုင်းရေးဆွဲ တည်ဆောက်မှာ ဖြစ်တဲ့အတွက် ပြဿနာမရှိပါဘူး။ (ဘာသာပြန်)

ဦးအောင်ကို၊ မြို့ပြအင်ဂျင်နီယာ

မေး။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံအဝှမ်းနဲ့ ဧရာဝတီမြစ်ဝှမ်းမှာပါ ဆည်ပေါင်းများစွာ ဆောက်ခဲ့ပြီး ဖြစ်သလို ဧရာဝတီမြစ်လက်တက်တွေမှာ ဆည်တွေ ထပ်ဆောက်ဖို့လည်း စီမံကိန်းတွေ ရှိပါသေးတယ်။ ကျွန်တော်မေးချင်တာက မြစ်ဆုံဆည်ကို ဒီဇိုင်းထုတ်တုန်းက မြစ်အောက်ပိုင်းမှာ သဘာဝပတ်ဝန်းကျင်သက်ရောက်မှုတွေကို ထည့်တွက်ခဲ့ပါသလား။ ဒုတိယမေးချင်တာက ဆည်ရဲ့ ပထမရေသိုလှောင်မှုကို ထည့်တွက်ခဲ့ပါသလား။ နောက်ဆုံးမေးချင်တာက ပေါင်းစည်းရေလှောင်တမံလည်ပတ်မှုနဲ့ ပေါင်းစည်းရေအရင်းအမြစ်စီမံခန့်ခွဲမှုတွေကို ထည့်တွက်ခဲ့ပါသလား။ ဒါဟာ ဧရာဝတီမြစ်ဝှမ်းဒေသရဲ့ အသေးစိတ်စီမံချက်ဖြစ်ပါတယ်။ (ဘာသာပြန်)

ဖြေ။ **Mr.Li Guanghua, President of CPIYN**

မြစ်ဆုံအထက်ပိုင်းကို သုတေသနပြုပြီးဖြစ်ပါတယ်။ လျှပ်စစ်(၁)ရဲ့ တောင်းဆိုချက်အရ မြစ်ဆုံအောက်ပိုင်းအပေါ် သက်ရောက်မှုတွေကို သုတေသန ပြုသွားမှာ ဖြစ်ပါတယ်။ လေ့လာမယ့်အစီအစဉ်ကို လျှပ်စစ်(၁)ကို တင်ပြထားရာမှာ လျှပ်စစ်(၁)က အတည်ပြုပေးပြီးပါပြီ။ ဒီလေ့လာမှုလုပ်ငန်းများကို အခုမိုးတွင်း ဖြစ်နေတဲ့အတွက်ကြောင့် မစတင်နိုင်သေးပါဘူး။ မိုးရာသီလွန်ရင်တော့ စနိုင်မယ်ထင်ပါတယ်။ ဒုတိယမေးခွန်းနဲ့ပတ်သက်လို့ ကနဦးရေသိုလှောင်မှုဟာ နှစ်စဉ်ရေစီးဝင်မှုရဲ့ ၂.၈ ရာခိုင်နှုန်းပဲ ရှိပါတယ်။ ခြောက်သွေ့တဲ့ ရာသီဥတုအတွင်းမှာ ကျွန်တော်တို့ဟာ မူလစီးဆင်းမှုရဲ့ ၁၆ ရာခိုင်နှုန်းအတွင်းမှာ ထိန်းထားပါတယ်။ နောက်ပြဿနာတစ်ခုက မြစ်ဆုံအောက်ပိုင်း ရေစီးဆင်းမှုကို ထိန်းချုပ်ဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လေ့လာမှုများအရ မြစ်ဆုံဆည်မှ မြစ်အောက်ပိုင်းရေစီးဆင်းမှုကို ထိန်းချုပ်နိုင်ပြီး မြစ်ကြီးနားမှာ ၅ နှစ်မှ ၂၀ အတွင်း ရေကြီးမှုမဖြစ်အောင် ထိန်းချုပ် နိုင်ပါတယ်။ (ဘာသာပြန်)

ဦးမောင်မောင်၊ မြို့ပြအင်ဂျင်နီယာ၊ ဆည်မြောင်းဦးစီးဌာန(အငြိမ်းစား)

မေး။ အခုအခါ ကမ္ဘာတစ်ဝှမ်းလုံးမှာရှိတဲ့ စက်ရုံအလုပ်ရုံတွေမှာ လောင်စာအသုံးပြုမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုတွေ ရှိလာပါတယ်။ ဒါ့ကြောင့် မြစ်ဆုံဆည်ကို ဆောက်ခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှုတွေကို ဘယ်လို ကုစားပေးနိုင်မလဲ ဆိုတာနဲ့ စီအီးအာကို အကျိုးသက်ရောက်မှု ဘယ်လိုပြုလုပ်နိုင်မလဲဆိုတာ သိချင်ပါတယ်။ (ဘာသာပြန်)

ဖြေ။ ဦးထွန်းနိုင်အောင်၊ ကောင်းကျော်ဇေကုမ္ပဏီဉက္ကဌ

ကျွန်တော်တို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုယန္တရားကို ထိခိုက်မှုရှိစေတဲ့ ရာသီဥတုပြုပြင်ပြောင်းလဲမှုတွေနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်ပူပန်မှုတွေ ရှိနေကြပါတယ်။ စွမ်းအင်ပြတ်လပ်မှုတွေနဲ့လည်း ရင်ဆိုင်နေရပါတယ်။ နျူကလီးယားနဲ့ စွမ်းအင်ထုတ်လုပ်ခြင်းဟာလည်း လုံခြုံမှုမရှိတာကြောင့် ရပ်တန့်ထားပါတယ်။ အခုကပြီး အနာဂတ်မှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကသာ အဓိကစွမ်းအင်အရင်းအမြစ်ဖြစ်သင့်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ရေအားလျှပ်စစ်ထုတ်ယူဖို့ အခြေအနေကောင်းများရှိသလို ရေအားလျှပ်စစ်တင်မက အခြားပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ထုတ်လုပ်ရန်စနစ်များရှိနေပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့နိုင်ငံသားတွေသာမက ကမ္ဘာသူကမ္ဘာသားအားလုံးကိုပါ လုံခြုံစိတ်ချရပြီး သန့်ရှင်းသော နည်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် တိုက်တွန်းလိုပါတယ်။ ၎င်းဟာ လူတစ်ဦးချင်းကိုသာမက လူအားလုံးကိုအကျိုးပြုပြီး နိုင်ငံကိုလည်း တိုးတက်စေကာ ရာသီဥတုပူနွေးမှုကိုလည်း လျှော့ချပေးနိုင်မှာဖြစ်ပြီး လူတွေကို ပိုအသက်ရှည်စေမှာ ဖြစ်ပါတယ်။ (ဘာသာပြန်)

စက်ရုံကြီးများ၊ မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံကြီးများနှင့် ဖွဲ့စည်း တည်ဆောက်ထားရှိသည်သာမက ဓာတ်အားသုံးစွဲသူနေအိမ်များအထိ ပါဝင်ဆက်နွယ်နေသော ကြီးမားကျယ်ပြန့်သည့် ကွန်ရက်ကြီးတစ်ခု ဖြစ်ပါသည်။ အထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များ၊ ထားဝယ်ရေနက်ဆိပ်ကမ်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းများကဲ့သို့ ဓာတ်အားသုံးစွဲမှုများပြားသည့် စီမံကိန်းများဖြစ်ပေါ်လာမည်ဖြစ်၍ ဓာတ်အားသုံးစွဲမှုမှာလည်း ပိုမိုများပြားလာမည်ဖြစ်ပါသည်။ ထို့သို့မြန်မာနိုင်ငံတစ်ဝှမ်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြင့်မားလိုအပ်လာမည့် လျှပ်စစ်ဓာတ်အားကို ပိုမိုတိကျမှန်ကန်စွာ သုံးသပ်ခန့်မှန်းနိုင်ရန်နှင့် အရည်အသွေးပြည့်မီစွာ ပို့လွှတ်ဖြန့်ဖြူးမည့် မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံကြီးများကို ခေတ်မီနည်းပညာများအသုံးပြု၍ အစီအမံရေးဆွဲဒီဇိုင်းထုတ်လုပ်ပြီး ဓာတ်အားစနစ်တစ်ခုလုံးအား ခေတ်မီစွာထိန်းချုပ်နိုင်သည့်စနစ်ကို တည်ဆောက်သွားနိုင်ရန်အတွက် ဆွစ်ဇာလန်နိုင်ငံအခြေစိုက်ကိုလံကိုအတိုင်ပင်ခံအဖွဲ့အား ငှားရမ်းဆောင်ရွက်လျက်ရှိပြီး တဖက်ကလည်း တရုတ်နိုင်ငံရှိ China Power Investment (CPI)အဖွဲ့နှင့် State Grid က ပညာရှင်များပါဝင်သော အဖွဲ့နဲ့ဓာတ်အားစနစ်လေ့လာတွက်ချက်မှုများကို ပြုလုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယ ဝန်ကြီး ဦးအောင်သန်းဦးက အကြံပြုဆွေးနွေးခြင်း

မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်တွင် လက်ရှိရေအားလျှပ်စစ်စက်ရုံပေါင်း(၁၇)ရုံ၊ တပ်ဆင်အင်အား(၂၆၄၆)မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ(၁၀)ရုံ၊ တပ်ဆင်အင်အား (၇၁၄. ၉)မဂ္ဂါဝပ်နှင့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ(၁)ရုံ၊ တပ်ဆင်အင်အား (၁၂၀)မဂ္ဂါဝပ်ရှိ၍ စုစုပေါင်းတပ်ဆင် အင်အားမှာ (၃၃၆၀. ၉)မဂ္ဂါဝပ်ရှိပါသည်။ အမြင့်ဆုံးဝန်အားသုံးစွဲမှုသည် ၂၀၁၁ခုနှစ် ဇူလိုင်လ၌ (၁၅၃၃) မဂ္ဂါဝပ်အထိ ရှိခဲ့ပါတယ်။

ယနေ့ဓာတ်အားသုံးစွဲမှု ၁၅၀၀မဂ္ဂါဝပ်ခန့်ကို ပြန်ကြည့်လျှင် ဒေသကြီးက(၆၇၀)မဂ္ဂါဝပ်၊ မန္တလေးတိုင်းဒေသကြီးက (၂၃၀)မဂ္ဂါဝပ်နှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများက (၆၅၀)မဂ္ဂါဝပ်အသီးသီး သုံးစွဲ နေလျှက်ရှိပြီး ယခုမိုးရာသီကုန်ဆုံးပါက လျှပ်စစ်ဓာတ်အားသုံးစွဲသူအမျိုးအစားအလိုက်ဝန်အား သုံးစွဲမှုကတော့ အများပြည်သူ(၁၀၅၀)မဂ္ဂါဝပ်၊ နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ(၃၂၀)မဂ္ဂါဝပ်နှင့် စက်မှုဇုန်နှင့် ပုဂ္ဂလိကပိုင်စက်ရုံ အလုပ်ရုံများ (၃၆၀)မဂ္ဂါဝပ်ခန့်ဖြစ်ပါသည်။ ထို့ကြောင့် စက်မှုနိုင်ငံအဖြစ်ထူထောင်ရန် ဆောင်ရွက်နေသည့် ကာလဖြစ်၍ စက်မှုဇုန်နှင့်စက်ရုံ/အလုပ်ရုံသုံးလျှပ်စစ်ဓာတ်အားများ တိုးတက် သုံးစွဲလာရန် လိုအပ်နေကြောင်း တွေ့ရှိရမှာဖြစ်ပါသည်။

အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ပေါင်းလောင်း၊ ရဲရွာဓာတ်အားပေးစက်ရုံ စီမံကိန်းကြီးများ ပြီးစီးခဲ့ပြီးနောက် မြင့်တက်လာသောနှစ်အလိုက်ထုတ်လုပ်သုံးစွဲမှုအရ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁နှစ်များတွင် နှစ်စဉ်ဝန်အားတိုးတက်မှုမှာ (၁၀)%အထက်သို့ ရောက်ရှိခဲ့ကြောင်း ၂၀၂၅ခုနှစ်တွင် ဝန်အားလိုအပ်ချက်မှာ (၅၅၀၀)မဂ္ဂါဝပ်ခန့်ထိ မြင့်တက်လာနိုင်ကြောင်း ယေဘုယျသုံးသပ်ရပါသည်။ ပိုမိုတိကျစွာခန့်မှန်းနိုင်ရန် **AF Colenco** ဆွစ်ဇာလန်နိုင်ငံ **C.P.I** ကုမ္ပဏီနှင့် ကျွမ်းကျင်သည့် ပညာရှင်များဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်လာမည့် စီးပွားရေးစနစ်နှင့်အညီ တည်ဆောက်ရေး လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ စီးပွားရေးအခွင့်အလမ်းများ ပေါ်ပေါက်လာသည်နှင့်အမျှ နိုင်ငံတော်ပိုင်စက်ရုံကြီးများ၊ စက်မှုဇုန်များ၊ ပုဂ္ဂလိကကုန်ထုတ်စက်ရုံကြီးများအတွက် လျင်မြန်စွာ မြင့်တက်လာနိုင်မည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုလည်းကောင်း၊ ဓာတ်အားသုံးစွဲသူပေါင်း (၂၂. ၆)သိန်းခန့်ရှိရာ ယနေ့ကာလတွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စု (၂၆)%သာ ဓာတ်အားဖြန့်ဖြူး ပေးထားနိုင်သည်ဖြစ်၍ ပြည်သူလူထုက ထပ်မံသုံးစွဲလာမည့် ဓာတ်အားလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးရန်ရှိခြင်းတို့ကြောင့်လည်းကောင်း၊ ယခင်နှစ်များ၏ တိုးတက်ထုတ်လုပ်မှုရာခိုင်နှုန်းကို အခြေခံတွက်ချက်ထားသော (၅၅၀၀)မဂ္ဂါဝပ်ထက် ၂၀၂၅ခုနှစ်တွင် ဓာတ်အားလိုအပ်ချက်မှာ ပိုမိုလာရန်သာမျှော်မှန်းထားသဖြင့် တည်ငြိမ်ပြည့်ဝစွာ ဓာတ်အားပို့လွှတ်နိုင်ရန်အတွက် အရန်ဓာတ်အား အပါအဝင်အနည်းဆုံးမဂ္ဂါဝပ်(၈၀၀၀)ကျော်ခန့် လိုအပ်နေမည်ဖြစ်ကြောင်း ယေဘုယျအားဖြင့် ခန့်မှန်းရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ နိုင်ငံတော်ဓာတ်အားစနစ်သည် ဓာတ်အားပေး

ဥတုချောင်းရဲ့ River Bed လို့ခေါ်တဲ့ မြစ်ကမ်းတွေကိုလည်းဘဲ ပွင့်လင်းရာသီမှာ နိမ့်ချသွားမှာဖြစ်ပါတယ်။ ဥတုချောင်းကဆင်းတဲ့ ချင်းတွင်မြစ်ပိုင်းကိုလဲ ဒီအတိုင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အလားတူမြစ်ဆုံမှ ဧရာဝတီတိုင်းအစပ်ထိ ကျွန်တော်တို့ပေးထားတဲ့ နေရာဒေသတွေမှာလဲ အလားတူ စနစ်တကျဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မြစ်ကမ်းပါးတွေမှာ မြစ်ကိုစီးတဲ့ လက်တက်တွေမှာဒီလုပ်ကွက်တွေကို လျော့ချသွားမှာဖြစ်ပါတယ်။ ရုပ်သိမ်းလို့တော့မရပါဘူး။ ဒါနဲ့ပတ်သက်ပြီးတော့ ရွှေတူးခြင်း၊ သတ္တုတူးခြင်း၊ ကျောက်တူးခြင်း လုပ်ငန်းများကို လူသိန်းပေါင်းများကလုပ်နေပြီးတော့ သိန်းပေါင်းများစွာမှ သန်းပေါင်းများစွာသော အလုပ်သမားမိသားစုများသည် ဒီအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုနေရတာဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး မြန်မာ့သတ္တုတွင်းဥပဒေမှာလည်း စနစ်တကျလုပ်ဆောင်သွားဖို့ စီမံထားပါတယ်လို့ ရှင်းပြလိုပါတယ်။

ဒုတိယတစ်ခုကဆက်ပြီးလုပ်မည့်အစီအစဉ်ဖြစ်ပါတယ်။ ဒါတွေကို စနစ်တကျ ဝန်ကြီးဌာနက ဖွဲ့စည်းထားတဲ့ စစ်ဆေးရေးအရာချုပ်နဲ့ ဖွဲ့စည်းထားတဲ့ ဦးစီးဌာနရှိပါတယ်။

ယခုလမည့်ပွင့်လင်းရာသီကစပြီးတော့ လိုက်လံစစ်ဆေး ဆောင်ရွက်ပါမယ်၊ ရှင်းပြပါမယ်၊ ပညာပေးပါမယ်၊ ဆွေးနွေးပါမယ်။ မရရင် ဥပဒေလုပ်ထုံးလုပ်နည်းဖြင့်အညီ ဆောင်ရွက်သွားရန် လျာထားပါတယ်။

သတ္တုတွင်းဝန်ကြီးဌာန လုပ်ငန်းများနှင့်ပတ်သက်ပြီးတော့ ဧရာဝတီမြစ်သန့်စင်အောင်၊ ရှင်သန်ပြီး ရေစီးရေလာကောင်းအောင်ရည်ရွယ်ပြီး လုပ်ဆောင်နေတာဖြစ်ပါတယ်။ အလားတူ ချင်းတွင်းမြစ်ကြီးလည်း ရေစီးရေလာကောင်းမွန်ပြီး သဲနုန်းစီးဝင်ခြင်းနည်းအောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ တတိယအချက်ကတော့ ကျွန်တော်ဆွေးနွေးလိုပါတယ်။ ယနေ့ဧရာဝတီမြစ်ကြီး ဘာဖြစ်နေလည်း ဆိုတာဆွေးနွေးပါတယ်။ ကောင်းအောင်ကျွန်တော်တို့ ဘယ်လိုလုပ်မလဲဆိုတာဆွေးနွေးမှာ ဖြစ်ပါ တယ်။ ရှေ့ရှောက်ပြီး ဘာဆက်လုပ်သွားမယ်ဆိုတာ ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်ကိုဆွေးနွေးနေတာသည် အများအကြားမှာ ဆွေးနွေးနေတာဖြစ်ပါတယ်။သို့သော် ကျွန်တော့် အနေနဲ့ဆွေးနွေးချင်တဲ့ အချက်ကတော့ ကောင်းမွန်တဲ့စိတ်ဓါတ်နဲ့ ကောင်းမွန်တဲ့ စိတ်အားရှိဖို့လိုပါတယ်။

ကျွန်တော်တို့နိုင်ငံတော်ဟာ ယနေ့အချိန်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံတော် ထူထောင်ရမှာဖြစ်ပါတယ်။ စက်မှုနိုင်ငံထူထောင်ဖို့အတွက် ကျွန်တော်တို့စက်မှုနိုင်ငံအဆင့်နဲ့ လျော်ညီ လုပ်ငန်းတွေ လုပ်ရမှာဖြစ်ပါတယ်။

ဒီလုပ်ငန်းလုပ်ဖို့အတွက် လျှပ်စစ်ဓါတ်အားတွေလိုပါတယ်။ လျှပ်စစ်ဓါတ်အား စွမ်းအင်မရလျှင် တခြားသော လျှပ်စစ်ဓါတ်အားထုတ်လုပ်နိုင်သည့် (Chemical) ကာဗွန်နဲ့ပတ်သက်တဲ့ လုပ်ငန်းတွေ လုပ်ရမှာဖြစ်ပါတယ်။ ဥပမာ၊ ကျောက်မီးသွေး ထုတ်ရမှာဖြစ်ပါတယ်။ ကျောက်မီးသွေးထုတ်ပြီး စွမ်းအင်ယူမလား လျှပ်စစ်ဓါတ်အားထုတ်ပြီးစွမ်းအင်ယူမလား။ ဒါဟာတက်ရောက်လာတဲ့ ပုဂ္ဂိုလ်တွေ ဆွေးနွေးဖို့ဖြစ်ပါတယ်။ လျှပ်စစ်ဓါတ်အားပြည့်ပြည့်ဝဝ အသုံးပြုနိုင်မှသာလျှင် ကျွန်တော်တို့ ထူထောင်တဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့စက်မှုနိုင်ငံတော်ကြီး ထူထောင်နိုင်မှာဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဖြေ။ မသုံးသပ်တော့ပါဘူး။

မေး။ **Venus News ဂျာနယ်မှ ဒေါက်တာမျိုးမင်းထက်**

ဧရာဝတီမြစ်ဆုံစီမံကိန်းနဲ့ ပတ်သက်ပြီး ဒေသခံတွေရဲ့ ဆန္ဒကို ကောက်ခံဖို့အတွက် ပြည်သူတွေရဲ့ဆန္ဒကို ကောက်ခံဖို့အတွက် ဆန္ဒခံယူပွဲလိုမျိုး ပြုလုပ်ဖို့ အစီအစဉ်ရှိပါသလား။ နောက်တစ်ခုက စီပီအိုင်ကို မေးချင်ပါတယ်။ အေးရှားဝေါကုမ္ပဏီဟာ စီပီအိုင်ရဲ့မိတ်ဖက်ကုမ္ပဏီဖြစ်တယ်။ စီပီအိုင်နဲ့ ပူးတွဲလုပ်ဆောင်နေတဲ့လုပ်ငန်းများကို မြန်မာပြည်သူတွေရဲ့ ကန့်ကွက်မှုတွေကြောင့် ရပ်နားထားရတယ်လို့သိရပါတယ်။ အဲဒီကောလာဟလတွေ မှန်မမှန် သိလိုပါတယ်။ (ဘာသာပြန်)

ဖြေ။ အေးရှားဝေါနဲ့ ပါတနာ ဆိုတာ ဟုတ်ပါတယ်။ အဲဒီသတင်းကိုတော့ မကြားမိပါဘူး။

မေး။ **မြန်မာတိုင်းမ် ဂျာနယ်မှ မရွှေယင်းမာဦး**

ဒေသခံတွေရဲ့ ခံစားချက်နဲ့ အမြင်တွေကို သုတေသနပြုထားပြီးပြီလို့ သိရပါတယ်။ ဧရာဝတီကို စွန့်ခွာသွားရတဲ့ ဒေသခံတွေရဲ့ခံစားချက်ကို ဘယ်လောက်အတိုင်းအတာအထိ ထည့်သွင်းစဉ်းစားပေးမလဲဆိုတာ သိချင်ပါတယ်။ (ဘာသာပြန်)

ဖြေ။ အဲဒါကိုလုပ်နေပါတယ်။ ကျွန်တော်တို့ BANCA အနေနဲ့ မြစ်ဆုံမပါ၊ မြစ်ဆုံကိုတော့ ခဏရှောင်ထားတယ်၊ လုံခြုံရေး သိပ်စိတ်မချရလို့ပါ။ ကျန်တဲ့ (၆)ခုမှာတော့ Resettlement Action Plan နဲ့ Social Impact ကို လေ့လာတယ်။ ပြည်သူ့ဆန္ဒကိုအဓိကထားပါတယ်။ အဲဒီ Report မထွက်သေးပါဘူး။ မြစ်ဆုံအပေါ်က (၆)ခုရဲ့ Damsite တွေကို သတ်သတ်မှတ်မှတ် အတည်မပြုရသေးတဲ့အတွက် ဖြစ်ပါတယ်။

မေး။ CPI ကိုမေးပေးပါ။ တကယ်လို့ ဒီReport ထွက်လာလို့ရှိရင် ပြည်သူတွေရဲ့ဆန္ဒကို ဘယ်လောက်အတိုင်းအတာထိ ထည့်သွင်းစဉ်းစားမယ်ဆိုတာလေး။

++++++++++++